ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ်( ၄/၂၀၂၄ )

| | | |
|---|---|---|
| ဒေါ်ကြည်ကြည်မော်(အလုပ်သမား)<br>အမှတ်(၁၄၂၅)၊ အောင်တံခွန်လမ်း၊<br>တောင်ဒဂုံမြို့နယ်။<br>၀၉-၉၇၁၇၁၅၅၃၂ | } | တောင်းဆိုသူ |

နှင့်

| | | |
|---|---|---|
| Mr. PADAM KUMAR SALECHA(အလုပ်ရှင်)<br>ဦးဝင်းဇော်ဦး(မန်နေဂျာ)၊ (အလုပ်ရှင်၏<br>ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူ)<br>Tiger Foods Pte Ltd<br>အခန်း(၂၀၈)၊ ဒုတိယထပ်၊ Central Tower<br>ကျောက်တံတားမြို့နယ်။<br>၀၉-၈၈၅၀၅၈၆၉၉ | } | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ Central Tower ၊ ဒုတိယထပ်၊ အခန်း (၂၀၈)ရှိ Tiger Foods Pte Ltd မှ Mr. PADAM KUMAR SALECHA (စင်္ကာပူနိုင်ငံသား) (အလုပ်ရှင်)နှင့် အလုပ်သမား ဒေါ်ကြည်ကြည်မော်တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို ကျောက်တံတားမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

ကောက်ချက်။ အလုပ်သမား ဒေါ်ကြည်ကြည်မော်အား အလုပ်ထုတ်နစ်နာကြေးပေးရန်သင့်/မသင့်။

**အမှုဖြစ်စဉ်အကျဉ်းချုပ်**

၃။ ကျောက်တံတားမြို့နယ်၊ Central Tower ၊ ဒုတိယထပ်၊ အခန်း(၂၀၈)ရှိ Tiger Foods Pte Ltd မှ Mr. PADAM KUMAR SALECHA (အလုပ်ရှင်) နှင့် အလုပ်သမား ဒေါ်ကြည်ကြည်မော်တို့အကြား အလုပ်မှရပ်စဲခံရသည့်ကိစ္စနှင့်ပတ်သက်၍ အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန် တောင်းဆိုခြင်းအပေါ် ကျောက်တံတားမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၅)ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းခဲ့သော်လည်း ပြေလည်မှုမရှိခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ ပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

**စစ်ဆေးတွေ့ရှိချက်**

၄။ အလုပ်သမား ဒေါ်ကြည်ကြည်မော်မှ ထွက်ဆိုတင်ပြရာတွင် Tiger Foods Pte Ltd တွင် (၂၃-၁၀-၂၀၁၅)ရက်နေ့မှစတင်၍ ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး သန့်ရှင်းရေးရာထူးဖြင့် လစာ ၂၄၅၀၀၀ိ/-ကျပ် ဖြင့်လုပ်ကိုင်ခဲ့ပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုထားခြင်းမရှိပါကြောင်း၊ စည်းကမ်းများ ထုတ်ပြန်ထားခြင်းမရှိပါကြောင်း၊ ၂၀၁၅ခုနှစ် အလုပ်ဝင်ရောက်စဉ်ကတည်းက ယခု အလုပ်ရပ်ဆိုင်းသည့် (၃၀-၁၁-၂၀၂၃) ရက်နေ့ထိ ကုမ္ပဏီမှ အရေးယူအပြစ်ပေးခြင်းမရှိခဲ့ပါကြောင်း၊ သန့်ရှင်းရေးအပြင် ရုံးဝန်ထမ်းအဖြစ်လည်း လုပ်ကိုင်ခဲ့ပါကြောင်း၊ (၂၉-၁၁-၂၀၂၃)ရက်နေ့ ညနေ(၁၅:၃၀)နာရီအချိန်ခန့်တွင် တောင်ဒဂုံ စက်ရုံသို့ အလုပ်ကိစ္စဖြင့် စာရွက်စာတမ်းများယူဆောင်ရန် သွားရောက်ပြီး ညနေ(၁၈:၃၀) နာရီတွင် ပြန်ရောက်ခဲ့ပါကြောင်း မိမိအနေဖြင့် အခြားစက်ရုံ အလုပ်ဆင်းချိန်မှာ (၁၆:၃၀)နာရီ အချိန်ဖြစ်သည်ဟု ရုံးတွင်ပြောမိပါကြောင်း၊ မန်နေဂျာ ဦးဝင်းဇော်ဦးမှ မိမိအား သန့်ရှင်းရေး ဝန်ထမ်းအဆင့်ဖြင့်တန်သည်ဟု ရိုင်းစိုင်းသည့်စကားများဖြင့် ဆဲဆိုပြီး ကိုယ်ထိလက်ရောက် ပြုလုပ်ပါကြောင်း၊ (၂၉-၁၁-၂၀၂၃)ရက်နေ့ ညနေပိုင်းတွင် အခုထွက်သွားဟု ဦးဝင်းဇော်ဦးမှ ပြောကြားခဲ့ပြီး ည(၂၁:၂၅)နာရီတွင် Viber Group ၌ အလုပ်မှ ရပ်ဆိုင်းကြောင်း တင်ခဲ့ပါကြောင်း၊ (၃၀-၁၁-၂၀၂၃)ရက်နေ့တွင် ရုံးသွားခဲ့ပြီး မန်နေဂျာ ဦးဝင်းဇော်ဦးမှ ဆဲဆိုခဲ့ပြီး လုံခြုံရေးဖြင့် ဆွဲထုတ်မည်ဟု ပြောကြားခဲ့ပါကြောင်း၊ မိမိမှ မန်နေဂျာအား ပါးရိုက်ခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် အလုပ်ရှင်မှ တောင်ဒဂုံစက်ရုံတွင် အလုပ်လုပ်မည်ဆိုပါက ပြန်လည်ခန့်ထားပေးမည်ဟု ပြောခဲ့ပါကြောင်း၊ အလုပ်ခန့်ထားခြင်း ကို လက်မခံနိုင်ပါကြောင်း၊ နစ်နာကြေးကိုသာ ရယူလိုကြောင်း တင်ပြထွက်ဆိုခဲ့ပါသည်။

မှန်ကန်ပါကြောင်း၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် အလုပ်ရှင်မှ တောင်ဒဂုံစက်ရုံတွင် အလုပ်လုပ်မည်ဆိုပါက ပြန်လည်ခန့်ထားပေးမည်ဟု ပြောခဲ့ပါကြောင်း၊ အလုပ်ခန့်ထားခြင်းကို လက်မခံနိုင်ပါကြောင်း၊ နစ်နာကြေးကိုသာ ရယူလိုကြောင်း တင်ပြထွက်ဆိုခဲ့ပါသည်။

၅။ အလုပ်ရှင်၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ မန်နေဂျာ၊ ဦးဝင်းဇော်ဦးမှ ထွက်ဆိုတင်ပြရာတွင် Tiger Foods Pte Ltd ကို ၂၀၀၀ ခုနှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့ပြီး အလုပ်ရှင်မှာ Mr. PADAM KUMAR SALECHA (စင်္ကာပူနိုင်ငံသား)ဖြစ်ပါကြောင်း၊ ကုမ္ပဏီတွင် ဝန်ထမ်း(၅)ဦးသာရှိပြီး ပဲ Export လုပ်ငန်းလုပ်ကိုင်ပါကြောင်း၊ ဒေါ်ကြည်ကြည်မော်အား ၂၀၁၅ ခုနှစ်က အလုပ်ခန့်ခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ ယခုလုပ်သက် (၈)နှစ် ကျော်ရှိပါကြောင်း၊ သန့်ရှင်းရေးရာထူးဖြင့် လစာ ၂၄၅၀၀၀/-ကျပ်ရရှိပါကြောင်း၊ နှစ်ဦးသဘောတူစာချုပ် ချုပ်ဆိုထားခြင်းမရှိပါကြောင်း၊ ဝန်ထမ်း(၅)ဦးသာရှိ၍ စည်းကမ်းချက်များ ထုတ်ပြန်ထားခြင်းလည်းမရှိပါကြောင်း၊ တစ်ပတ်လျှင် တစ်ကြိမ် ဝန်ထမ်း(၅)ဦးအား အစည်းအဝေးခေါ်ပြီး ရုံးစည်းကမ်းချက်များ လိုက်နာရန်၊ အထက်လူကြီး၏ ပြောစကားနားထောင်ရန် ပြောကြားခဲ့ပါကြောင်း၊ (၂၉-၁၁-၂၀၂၄)ရက်နေ့ ညနေပိုင်းတွင် ဒေါ်ကြည်ကြည်မော်သည် တောင်ဒဂုံစက်ရုံသို့ သွားခြင်းကိစ္စမှာ လိမ်ညာ၍ ပြောခြင်းသာဖြစ်ပြီး၊ ရုံးတွင် အတူရှိနေပါကြောင်း၊ မိမိသာ တောင်ဒဂုံစက်ရုံသို့ သွားရောက်ခြင်းဖြစ်ပါကြောင်း၊ ဒေါ်ကြည်ကြည်မော် ထွက်ဆိုချက်တွင် မိမိမှ ကိုယ်ထိလက်ရောက်ပြုလုပ်သည်ဆိုသည်မှာ မဟုတ်ဘဲ မိမိအား ဒေါ်ကြည်ကြည်မော်မှ ကိုယ်ထိလက်ရောက်ပြုလုပ်ခဲ့ခြင်းသာဖြစ်ပါကြောင်း၊ ဒေါ်ကြည်ကြည်မော်သည် ၂၀၂၃ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလပိုင်းလောက်ကတည်းက မိမိအား နှုတ်ဖြင့်စော်ကားခဲ့သဖြင့် ထပ်မံမကျူးလွန်ရန်အတွက် နှုတ်ကတိတောင်းခံခဲ့ရာ ၎င်းမှ ထပ်မံမကျူးလွန်တော့ကြောင်းအား နှုတ်ကတိပေးခဲ့ပါကြောင်း၊ (၂၉-၁၁-၂၀၂၃)ရက်နေ့တွင် ဒေါ်ကြည်ကြည်မော်မှ မိမိ၏ မိဘနှင့်ပတ်သက်သည့် ကြမ်းတမ်းသော စကားလုံးများပါလာသည်ဖြစ်၍ မိမိမှ မပြောရန်တားခဲ့သော်လည်း ဆက်၍ ပြောလာသောကြောင့် သန့်ရှင်းရေးအဆင့်ဖြင့်သာတန်ကြောင်း ဆဲဆိုပြီး ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းမရှိပါကြောင်း၊ မိမိအား(၃)ကြိမ်တိုင်တိုင် ထပ်မံကျူးလွန်ခဲ့သော်လည်း ဆဲဆိုခြင်းများရှိခဲ့ပါကြောင်း၊ (၂၉-၁၁-၂၀၂၃) ရက်နေ့ ညနေပိုင်းတွင် Viber Group ဖြင့် (၃၀-၁၁-၂၀၂၃)ရက်နေ့ နောက်ဆုံးထားပြီး အလုပ်ရပ်ဆိုင်းကြောင်းအား အကြောင်းကြားခဲ့ပါကြောင်း၊ အလုပ်ရှင်မှ နှုတ်ဖြင့် ကတိဝန်ခံချက်မဟုတ်ဘဲ စာဖြင့်ဝန်ခံကတိရေးထိုးပါက အလုပ်ပြန်လည်ခန့်ပေးမည်ဟု ပြောကြားခဲ့ပါကြောင်း၊ ထို့အပြင် (၃၀-၁၁-၂၀၂၃)ရက်နေ့တွင် နိုဝင်ဘာလစာမပေးမီ ဝန်ခံကတိရေးထိုးရန် ပြောကြားသော်လည်း ဝန်ခံကတိမရေးထိုးနိုင်ပါကြောင်း၊ မိမိမှ အလုပ်လုပ်နေစဉ် ညနေ (၁၇:၀၀)နာရီအချိန်ခန့်တွင် ဒေါ်ကြည်ကြည်မော်မှ နောက်မှနေ၍ မိမိအား

**သုံးသပ်ချက်**

၆။ Tiger Foods Pte Ltd သည် ၂၀၀၀ ခုနှစ်မှစတင်၍ ဝန်ထမ်း(၅)ဦးဖြင့် ပဲ Export လုပ်ငန်း လုပ်ကိုင်ပြီး ဝန်ထမ်းစည်းကမ်းချက်များ ထုတ်ပြန်ရေးဆွဲထားခြင်းမရှိသော ကုမ္ပဏီ ဖြစ်ကြောင်း သုံးသပ်ရသည်။ အလုပ်သမား ဒေါ်ကြည်ကြည်မော်အား ၂၀၁၅ ခုနှစ်ကတည်းက ခန့်အပ်ခဲ့ပြီး လုပ်သက်(၈)နှစ်ကျော်ရှိပြီး၊ လစာ ၂၄၅၀၀၀ိ/-ကျပ် ရရှိသည်မှာ မှန်ကန်ပါကြောင်း၊ သုံးသပ်ရပါသည်။ ဒေါ်ကြည်ကြည်မော်သည် မန်နေဂျာ၊ ဦးဝင်းဇော်ဦးအား ၂၀၂၃ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် နှုတ်ဖြင့် စော်ကားကျူးလွန်မှုရှိခဲ့၍ ထပ်မံကျူး လွန်မှုမရှိစေရန် နှုတ်ဖြင့်ဝန်ခံကတိတောင်းခဲ့ရာ နှုတ်ဖြင့်သာ ဝန်ခံကတိပေးခဲ့သဖြင့် သက်သေ စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိကြောင်း တွေ့ရှိသုံးသပ်ရပါသည်။ (၂၉-၁၁-၂၀၂၃)ရက်နေ့တွင် ထပ်မံ၍ မန်နေဂျာ၊ ဦးဝင်းဇော်ဦးနှင့် ဒေါ်ကြည်ကြည်မော်တို့သည် နှုတ်ဖြင့် တစ်ဦးနှင့်တစ်ဦး ရိုင်းစိုင်းသောစကားများဖြင့် အချင်းဖြစ်ပွားခဲ့ပြီး (၃၀-၁၁-၂၀၂၃)ရက်နေ့တွင် ဒေါ်ကြည်ကြည်မော် အား တာဝန်ထမ်းဆောင်ရန် ရပ်ဆိုင်းခဲ့ကြောင်း သုံးသပ်ရရှိပါသည်။ သန့်ရှင်းရေး ဒေါ်ကြည်ကြည်မော်သည် လုပ်ငန်းနှင့်ပတ်သက်၍ ဖြစ်မှုမရှိသော်လည်း အလုပ်မှ ထုတ်ပယ် ခံရပြီး (၃၀-၁၁-၂၀၂၃)ရက်နေ့တွင် မန်နေဂျာ ဦးဝင်းဇော်ဦးအား ပါးရိုက်ခဲ့သည်အထိ ကိုယ်ထိ လက်ရောက် ကျူးလွန်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် အလုပ်ရှင်လွှဲအပ်ထားသည့် မန်နေဂျာရာထူးအဆင့်ရှိ အထက်လူကြီးအား နှုတ်ဖြင့် မချေမငံ အကြိမ်ကြိမ်အခါခါ ပြောဆို ခြင်း၊ စကားနားမထောင်ခြင်း၊ ကိုယ်ထိလက်ရောက်စော်ကားခြင်းတို့သည် ဖြစ်မှုပေါ်လွင် ထင်ရှားသဖြင့် ခုံသမာဓိအဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ နစ်နာကြေးပေးရန် မသင့်ကြောင်း သုံးသပ်ရသည်။ သို့သော် Tiger Foods Pte Ltd တွင် ၂၀၁၅ ခုနှစ်မှ (၃၀-၁၁-၂၀၂၃)ခုနှစ်အထိ လုပ်သက်(၈)နှစ်ကျော် လုပ်ကိုင်ခဲ့ခြင်းကြောင့် မိသားစုစားဝတ်နေရေးခက်ခဲမှုကို ထောက်ရှု၍ လူမှုကရုဏာကြေးအဖြစ် ပေးသင့်ကြောင်း သုံးသပ်ရပါသည်။

**ဆုံးဖြတ်ချက်။** အလုပ်ရှင်က အလုပ်သမား (သန့်ရှင်းရေး) ဒေါ်ကြည်ကြည်မော် အား ကျပ်၇၅၀၀၀ိ/- (ကျပ်ခုနစ်သိန်းငါးသောင်းတိတိ)အား ပေးရန်နှင့် အလုပ်သမား ဒေါ်ကြည်ကြည်မော် အား အလုပ်ပြန်လည်ခန့်ထားရန် မလိုကြောင်း ဆုံးဖြတ်သည်။

**ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။**

[illegible]။ တောင်းဆိုသူအား ပေးရန်ရှိသော ငွေများကို ဤဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ပေးရမည်။

မှတ်ချက်။ (၁) ဒုသာမာဗိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ဒုသာမာဗိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ခင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရှိဦး)
အဖွဲ့ဝင်

(ကျင်ရွှေအေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ကျော်ညွန့်)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(ငြိမ်းမောင်)
အဖွဲ့ဝင်